Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး

အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

COVID–19 ဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူလူထုသို့

အစီရင်ခံတင်ပြသည့် မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၄ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူပြည်သားအပေါင်းရှင့်၊

ယခု COVID–19 ရောဂါနဲ့ပတ်သက်တဲ့ နောက်ဆုံးအခြေအနေကို အများ သိရှိနိုင်ဖို့ အစီရင်ခံ တင်ပြလိုက်ပါတယ်။

မနေ့က COVID–19 ရောဂါကူးစက်ခံထားရသူ(၂)ဦး တွေ့ရှိခဲ့ပါတယ်။ ချင်းပြည်နယ်မှာ အမေရိကန်ပြည်ထောင်စုမှ ပြန်လာတဲ့ အမျိုးသားတစ်ဦးနဲ့ ရန်ကုန်မှာ ယူကေမှ ပြန်ရောက်လာတဲ့ အမျိုးသားတစ်ဦး ဖြစ်ပါတယ်။ နှစ်ဦးစလုံး ဆေးကုသမှုခံယူနေပြီး၊ ယခုထိစိုးရိမ်ရမယ့်အခြေအနေမှာမရှိဘူးလို့ သိရပါတယ်။

ဒီလိုရောဂါကူးစက်နေသူ နှစ်ဦး တွေ့ရှိရကြောင်း သတင်းထွက်လာတာနဲ့ စိုးရိမ်ပူပန်၊ တုန်လှုပ်ကြောက်ရွံ့သူတွေ ရှိကြမယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံတော်အစိုးရကို ကိုယ်စားပြုပြီး ပြည်သူတွေကို ပန်ကြား ချင်တာကတော့၊ ကြောက်လန့်တုန်လှုပ်ခြင်း မရှိကြပါနဲ့၊ ခေါင်းအေးအေး ထားပြီး သတိကြီးစွာနဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ အခြားအစိုးရဌာနများရဲ့ ထုတ်ပြန် ထားတဲ့ COVID–19 နဲ့ပတ်သက်တဲ့ ညွှန်ကြားချက်တွေကို လိုက်နာကြဖို့ပဲ ဖြစ်ပါတယ်။

COVID-19 ရောဂါဟာထိန်းချုပ်လို့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောထားပြီးဖြစ်ပါတယ်။ ရောဂါရသူတွေထဲမှ ကွယ်လွန် အနိစ္စ ရောက်တဲ့ ရာခိုင်နှုန်းဟာ ၄ ဒသမ ၄ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကုသလို့ရတဲ့ ရောဂါ ဆိုတာလည်း ထင်ရှားပါတယ်။ ကွယ်လွန်သူများဟာ ရောဂါအခံရှိသူများ၊ ကိုယ်ခံအား နည်းသူများနဲ့ ကုသမှုခံယူခြင်း နောက်ကျသူများ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရောဂါဖြစ်နိုင်ချေများသူများအနေနဲ့ အထူးဂရုတစိုက် နေကြဖို့ တိုက်တွန်းချင်ပါတယ်။ ပိုပြီးအရေးကြီးတဲ့အချက်ကတော့ စောစီးစွာ ဆေးကုသမှု ခံယူနိုင်ရေးဖြစ်ပါတယ်။ ရောဂါလက္ခဏာပေါ်လာပြီလို့ ထင်စရာဖြစ်လာတာနဲ့ ချက်ချင်း၊ နေ့မရွေး၊ ညမရွေး၊ အနီးဆုံးကျန်းမာရေးဌာနသို့ သွားစေချင်ပါတယ်။

"စောစောပြော၊ စောစောသိ၊ အားလုံးအကျိုးရှိ" ဆိုတဲ့အတိုင်းပဲ ကျန်းမာရေးဌာနကို စောစောပြောသင့်တာ ပြောပါ။ ယခုအချိန်မှာဆိုရင် ရောဂါ ရှိကြောင်း သိရှိရသူနှစ်ဦးနဲ့ ထိတွေ့မှုရှိခဲ့သူများအားလုံး အစောဆုံး ကျန်းမာရေး ဌာနကို အသိပေးပါ။ ဒါဟာ ကိုယ့်လုံခြုံရေး၊ ကိုယ့်ပတ်ဝန်းကျင်ရဲ့ လုံခြုံရေး နှစ်ရပ်စလုံးအတွက် ဖြစ်ပါတယ်။ တီးတိန်မှပြည်သူအချို့ အစိုးရိမ်လွန်ပြီး တီးတိန်မှ ထွက်ခွာနေကြတယ်လို့ သိရပါတယ်။ ဒီလိုလုပ်ခြင်းဟာ ဘယ်သူ့ကိုမှ အကျိုးမပြုနိုင်ပါဘူး။ တကယ်ပဲ ရောဂါပိုးရှိနေပြီဆိုရင် ဘယ်သွားသွား ကိုယ်နဲ့အတူ ပါသွားမှာပါ။ ကိုယ့်ရပ်ရွာမှာ ကျန်းမာရေးဌာနကို သွားပြီး အစစ်ခံပါ။ လိုအပ်တဲ့ကုသမှုခံယူပါ။ ကိုယ့်စိုးရိမ်စိတ်ကြောင့် အများကို ပျံ့နှံ့ ကူးစက်တာမျိုး မဖြစ်ပါစေနဲ့။

ယခုအချိန် ထိုင်းနိုင်ငံမှာ အလုပ်လုပ်ကိုင်နေတဲ့ ကျွန်မတို့နိုင်ငံသူ၊ နိုင်ငံသားများ ပြည်တွင်းကို အစုလိုက်၊ အပြုံလိုက် ပြန်လည်ဝင်ရောက်နေတာကို လက်ခံလျက်ရှိပါတယ်။ ပြန်လာသူများမှတစ်ဆင့် ရောဂါကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် နေအိမ် (သို့မဟုတ်) သတ်မှတ်နေရာများတွင် နေထိုင်စေပြီး (၁၄) ရက်တာကာလ အသွားအလာကန့်သတ်ခြင်း (home/ facility quarantine) နဲ့စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ပြန်ရောက်လာကြသူများ အနေနဲ့ တာဝန်သိ၊ တာဝန်ရှိစွာနဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်စေလို ပါတယ်။ မြန်မာနိုင်ငံတွင်းသို့ ပြန်လည်ရောက်ရှိလာသူများအနေနဲ့ စိုးရိမ် စိတ်ကြောင့် ပုန်းကွယ်ရှောင်တိမ်းခြင်း မပြုကြဖို့ အရေးကြီးပါတယ်။ ကိုယ့်မှာ ကိုယ်ပူဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းနွမ်းနယ်ခြင်းစတဲ့ COVID-19 ရောဂါ သံသယလက္ခဏာတစ်စုံတစ်ရာ ရှိ၊ မရှိ ကို ကျန်းမာရေးဌာနသို့ တယ်လီဖုန်းနဲ့ နေ့စဉ်ပုံမှန် မပျက်မကွက် အကြောင်းကြားရမှာ ဖြစ်ပါတယ်။ ဒီသတင်းပေးပို့မှသာ ကျန်းမာရေးဌာနအနေနဲ့ လိုအပ်က ချက်ချင်းအခမဲ့ ဆေးကုသမှုပေးနိုင်မှာဖြစ်ပါတယ်။ နေအိမ်မှာ(၁၄)ရက်တာကာလ အသွားအလာ ကန့်သတ်နေထိုင်သူများအနေနဲ့လည်း ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားတဲ့ လိုက်နာရမယ့် အချက်တွေကို မဖြစ်မနေ တိကျစွာ လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းနဲ့ ရောဂါဖြစ်ပွားမှုရှိပါက ချက်ချင်းသိရှိပြီး လျင်မြန်စွာ ကုသမှုပေးနိုင်မှာပါ။ ကိုယ့်ရဲ့ အိမ်သားများနဲ့ အိမ်နီးချင်းများကို ရောဂါမကူးစက်စေအောင် ထိရောက်စွာ တားဆီးထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ စောစီးစွာ ဆေးကုသမှုပေးနိုင်ခြင်းဖြင့် အသက်သေဆုံးမှုကို ထိရောက်စွာ လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

COVID-19 ကူးစက်ခံရသူနှစ်ဦး တွေ့တယ်လို့ သတင်းထွက်လာတာနဲ့ တစ်ပြိုင်တည်း ရိက္ခာတွေ၊ ဆေးတွေ အလုအယက် ထွက်ဝယ်သူတွေလည်း ရှိပါတယ်။ ရိက္ခာပြတ်နိုင်တဲ့ အလားအလာမရှိပါဘူး။ လူအုပ်ထဲသွားတိုး ဝယ်လို့ ရောဂါကူးမယ့် အလားအလာက ပိုများပါတယ်။ မပြန့်ပွားဖို့အတွက် ပြည်သူ တွေသာ အဓိကပါ၊ ပြည်သူတွေရဲ့ စိတ်တည်ငြိမ်မှုအင်အားကသာ အဓိက ဖြစ်ပါတယ်။

အစိုးရအနေနဲ့ အများပြည်သူများအတွက် မရှိမဖြစ်လိုအပ်တဲ့ ဝန်ဆောင်မှု လုပ်ငန်းတွေ၊ ဈေးတွေနဲ့ အရောင်းအဝယ်စင်တာတွေကို ပိတ်သိမ်းဖို့ အစီအစဉ် မရှိတာကို အသိပေးပြောလိုပါတယ်။ ဈေးဝယ်တဲ့အခါ မိသားစုလိုက်၊ အစုအဖွဲ့လိုက် မသွားဘဲ တစ်ဦးတည်း တစ်ယောက်တည်း တာဝန်ယူပြီး မိသားစု အတွက် အမှန်တကယ် လိုအပ်တဲ့ ပမာဏကိုပဲ သွားရောက် ဝယ်ယူကြစေ လိုပါတယ်။

လုပ်ငန်းတွေ၊ စက်ရုံတွေ၊ အလုပ်ရုံတွေကို ပိတ်မယ်၊ မြို့ရွာအဝင်၊ အထွက်တွေကို ပိတ်မယ်ဆိုတဲ့ မဟုတ်မမှန် သတင်းတွေ ပျံ့နှံ့နေပါတယ်၊ ဒီလို ကောလာဟလတွေကြောင့် ပြည်သူတွေအနေနဲ့ အထိတ်တလန့်မဖြစ်ကြပါနဲ့။

အဂတိတရားလေးပါးကို သိကြပါတယ်နော်။ အဂတိဆိုတာ မမှန်ကန်တဲ့ လမ်းပါ။ မမှန်ကန်တဲ့လမ်းပေါ်ကို တွန်းပို့တာကတော့ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ တို့ပဲဖြစ်ပါတယ်။ ယခုကျွန်မတို့အားလုံး အခြားနိုင်ငံများနည်းတူ ရင်ဆိုင် နေရတဲ့ COVID-19 နဲ့ပတ်သက်လို့ လမ်းလွဲပေါ်မရောက်သွားဖို့ အရေးကြီး ပါတယ်။

ဆန္ဒက တွန်းပို့လို့ မလုပ်သင့်မလုပ်ထိုက်တာတွေ လူစုလူဝေး ဖြစ်စေခြင်း၊ ရိက္ခာတွေ၊ ဆေးဝါးတွေ စုဆောင်းခြင်း၊ ကျန်းမာရေးညွှန်ကြားချက်တွေ မလိုက်နာခြင်း ဆိုတာကို ရှောင်ပါ။

ဒေါသက တွန်းပို့လို့၊ မလိုသမာစိတ်နဲ့ မမှန်သတင်းတွေ လူအများ ထိတ်လန့်ပြီး ရပ်ရွာတည်ငြိမ်မှုထိခိုက်စေမယ့် စကားတွေပျံ့ပွားစေခြင်းကို ရှောင်ပါ။

ဘယာ၊ အကြောက်တရားလွန်ပြီး ရိက္ခာစုဆောင်းခြင်း၊ ရောဂါလက္ခဏာ ဖုံးကွယ်ထားခြင်းများကို ရှောင်ပါ။

မောဟ၊ နိုင်ငံတော်အစိုးရဌာနအသီးသီးက ထုတ်ပြန်ချက်တွေကို မလေ့လာဘဲ အထင်အမြင်မှားပြီး မလုပ်သင့်တာတွေလုပ်၊ လုပ်သင့်တာတွေ မလုပ်ခြင်း၊ ဒီအဂတိတရား (၄) ပါးကိုရှောင်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံ ချင်ပါတယ်။

ဆန္ဒမျှားခေါ်ရာမလိုက်ပါနဲ့၊ ညီညီညွတ်ညွတ်နဲ့ ကိုယ်ချင်းစာနေရပေမယ့် နှလုံးသားနီးကပ်မှုနဲ့ စိန်ခေါ်မှုတွေကို အတူပူးပေါင်း ရင်ဆိုင်ကြမယ်။

ဒေါသတွန်းပို့ရာမရွေ့ပါနဲ့။ အချင်းချင်းကြား မေတ္တာပွားပြီး စိန်ခေါ်မှုတွေကို အားလုံးအတူတူကျော်လွှားကြမယ်။

ဘယာဖိချရာမကျပါနဲ့၊ နိုင်ငံ့အင်အား၊ ပြည်သူ့အင်အားတွေ စုစည်းပြီး စိန်ခေါ်မှုတွေကို မားမားမတ်မတ်ရင်ဆိုင်ကြမယ်။

မောဟဆွဲနှစ်ရာမနစ်ပါနဲ့ COVID – 19 နဲ့ပတ်သက်လို့ အစိုးရဌာန အသီးသီးက ထုတ်ပြန်ချက်တွေကို လေ့လာပါ။ ကောလာဟလတွေ နားဝင်ပြီး လမ်းမှားပေါ် မရောက်ပါစေနဲ့ အားလုံးအတူ သတိ၊ ဝီရိယ၊ ပညာကို အားထားပြီး COVID – 19 စိန်ခေါ်မှုကြီးကို အတူအနိုင်ယူကြပါမယ်။

ကောင်းမွန်တဲ့ အစိုးရအုပ်ချုပ်မှုစနစ်ရဲ့ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ တာဝန်ယူ၊ တာဝန်ခံမှုနဲ့ ပွင့်လင်းမြင်သာမှုကိုအခြေခံပြီး ကျွန်မတို့အစိုးရအနေနဲ့ ပြည်သူများသိသင့်၊ သိထိုက်တဲ့ ကိစ္စတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်။

ပြည်သူတွေသာအဓိကပါ။ ကျေးဇူးတင်ပါတယ်။